EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂)၊ မတ်လ (၁၉) ရက်၊ ၂၀၁၆

## ရခိုင်ပြည်နယ်လွှတ်တော်ကော်မတီများကို အစိုးရအဖွဲ့ရွေးချယ်ပြီးနောက် ဖွဲ့စည်းမည်




ဗုဒ္ဓဟူး၊ ၁၆ မတ်လ၊ ၂၀၁၆

ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးများကို တစ်လကြာရပ်နားထားရာမှ မနေ့က တစ်နာရီကြာ ပြန်လည်ကျင်းပခဲ့သည်။

"လွှတ်တော်အစည်းအဝေးတွေ ရပ်နားထားတာတဲ့အချိန်မှာ လွှတ်တော်တိုးတက်ဖို့အတွက် ကိစ္စရပ်တွေကို ကျွန်တော်တို့ ဆွေးနွေးနေခဲ့ပါတယ်။ လုပ်ရမယ့် ကိစ္စတွေကတော့ အများကြီးပါ" ဟု ရခိုင်အမျိုးသားပါတီ (ANP) မှ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ ဦးစံလှကျော်က မြန်မာတိုင်းမ်ကို ပြောကြားသည်။ ဦးစားပေး လုပ်ဆောင်ရမည့်ကိစ္စတစ်ခုမှာ ယခင်ပြည်နယ်အစိုးရ၏ စီမံကိန်းများနှင့်ဘဏ္ဍာငွေစာရင်းများကို စစ်ဆေးရန်ဖြစ်သည်ဟုလည်း ဆိုသည်။

ANP ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကမူ လွှတ်တော်အစည်းအဝေးမစတင်မီတစ်ရက်အလိုက ဆွေးနွေးမှုတစ်ကြိမ် ပြုလုပ်ခဲ့သည်ဟုဆိုသည်။ "ကျွန်တော် သိသလောက်တော့ လွှတ်တော်ကော်မတီတွေ မဖွဲ့ပြီးမချင်း ဘာဆွေးနွေးမှုမှ လုပ်နိုင်မှာ မဟုတ်သေးဘူး" ဟု ဆိုသည်။

ပြည်နယ်လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အမည်စာရင်းတင်သွင်းမည့်လွှတ်တော်ကော်မတီများတွင် ဥပဒေမူကြမ်းကော်မတီတစ်ခု၊ တိုင်းရင်းသားရေးရာကော်မတီ တစ်ခုနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီတစ်ခု ပါဝင်လိမ့်မည်ဟု သိရသည်။

ကော်မတီများမဖွဲ့စည်းမီ ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည် ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌဖြစ်သော ANP ပါတီဝင် ဦးဖိုးမင်းက ပြောကြားသည်။ ကော်မတီများကို လက်ဦးဖွဲ့စည်းလိုက်ပါက ပြည်နယ်အစိုးရအဖွဲ့တွင် ရွေးချယ်ခံရမည့် လွှတ်တော်ကိုယ်စားလှယ်ကို ကော်မတီမှပြန်လည်ထုတ်ပယ်ရခြင်းများ ဖြစ်လာနိုင်ကာ ရှုပ်ထွေးမှုများ ဖြစ်လာဖွယ်ရှိကြောင်းလည်း ယင်းကဆိုသည်။

"ပြည်နယ်ဝန်ကြီးချုပ်ကို သမ္မတကခန့်အပ်ပြီးတဲ့အခါမှ နောက်လွှတ်တော်အစည်းအဝေးတွေ ကျင်းပနိုင်မှာ ဖြစ်ပါတယ်" ဟု ဦးဖိုးမင်းက ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာဖွယ်ရှိသည့် NLD ပါတီဝင် ဦးညီပုက "ကျွန်တော်တို့ အနေနဲ့ လိုအပ်တဲ့ကော်မတီတွေကို မဖြစ်မနေဖွဲ့စည်းရပါမယ်။ ... ဒါ ပြည်နယ်လွှတ်တော်က လုပ်ပိုင်ခွင့်ရှိတဲ့ အရာတစ်ခုပါ" ဟု မနေ့ကဆိုသည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် တင်မြှောက်ခံခဲ့ရသည့် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်တွင် ကော်မတီပေါင်း (၁၁) ခု ဖွဲ့စည်းခဲ့သည်။

*(The Myanmar Times - Issue (255) ဥက်လင်းအောင်၏ Complaints as Rakhine State Hluttaw Goes Back into Recess ဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။)*

## စစ်ကိုင်းတိုင်းလွှတ်တော်တွင် ဘဏ္ဍာရေးဆိုင်ရာနှင့် ဥပဒေရေးရာကော်မတီ အမည်စာရင်းတင်ပြ




သောကြာ၊ ၁၈ မတ်လ၊ ၂၀၁၆

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့သည်။

' 'စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၂ ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှာ အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက မတ်လ ၁၇ ရက်က ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေး၌ ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်အောင်ကြည် (မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်-၂ အတွင်းရေးမှူး)၊ ဦးထွန်းထွန်းဦး (စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂) အပါအဝင် အဖွဲ့ဝင် (၁၂) ဦးတို့ဖြင့် ဖွဲ့စည်းရန် အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်အမာကြည် (မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ် -၁)၊ အတွင်းရေးမှူးအဖြစ် ဦးမိုးကျော် (ရွှေဘိုမြို့နယ် မဲဆန္ဒနယ်အမှတ် -၁) တို့ အပါအဝင် အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းရန် အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးရှိသည့်အနက် ခွင့်ပန်ကြားသူတစ်ဦးရှိ၍ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

*(www.7daydaily.com မျိုးမင်းဦး ရေးသားသော သတင်းမှ ကောက်နုတ်ဖော်ပြသည်။)*

"ကျွန်တော်တို့ လုပ်ဆောင်ရမှာက လွှတ်တော် မြင့်မားအောင် မြှင့်တင်ပေးရမယ်။ ပြီးခဲ့တဲ့ကာလက ပြည်နယ်မှာလည်း လွှတ်တော်ရှိနေတာကို လူထုအများစုက မသိကြဘူး" (ဒေါက်တာအောင်နိုင်ဦး၊ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ AMDP)
*(မွန်သတင်းအေဂျင်စီနှင့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်။)*

## ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ဓာတ်ပုံများ




မွန်ပြည်နယ်လွှတ်တော် (ဓာတ်ပုံ - EMReF)



ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (unknown source from www.twitter.com)




မန္တလေးတိုင်းဒေသကြီး လွှတ်တော် (www.mdyregionhluttaw.gov.mm)




ကချင်ပြည်နယ်လွှတ်တော် (www.simon-vlog.com)

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀
၀၉ ၇၉ ၂၅၈ ၄၀ ၉၉

## ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အရေအတွက်ပြဇယား

| ကချင် | ကယား | ကရင် | ချင်း | မွန် | ရခိုင် | ပဲခူး | မကွေး | မန္တလေး | တနင်္သာရီ | ရန်ကုန် | ရှမ်း | စစ်ကိုင်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃ | ၅ | ၆ | ၆ | ၇ | ၁၂ | ၁၉ | ၁၇ | ၁၉ | ၇ | ၃၁ | ၃၄ | ၂၅ | ၁၈ | ၂၂၀ |

## ဒေါက်တာဇော်မြင့်မောင် မန္တလေးတိုင်းအစိုးရအဖွဲ့ ဦးဆောင်သူ ဖြစ်လာမည်လော

ကြာသပတေး၊ ၁၀ မတ်လ၊ ၂၀၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နေရာများအတွက် ခန့်မှန်းချက်များ ထွက်ပေါ်နေသည့်ကာလတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နေရာအတွက် ပါတီအမာခံ တစ်ဦးဖြစ်သော ဒေါက်တာဇော်မြင့်မောင်ကို ထင်ကြေးပေးမှုများ ရှိနေကာ ခန့်မှန်းသကဲ့သို့ ဖြစ်လာခဲ့ပါက ယင်းဦးဆောင်သော အစိုးရအဖွဲ့၏ စွမ်းဆောင်မှုနှင့် ပတ်သက်ပြီး လူထုမျှော်လင့်ချက်များလည်း ရှိနေသည်။



ဒေါက်တာဇော်မြင့်မောင် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါက ယင်းဦးဆောင်သော အစိုးရအဖွဲ့ကို လူထုနှင့် နီးစပ်သော အစိုးအရအဖွဲ့အဖြစ် မြင်တွေ့ရန် မျှော်လင့်ကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဆန္ဒရှိလျက် ရှိသည်။

"ကျွန်တော့်အနေနဲ့ ဘယ်သူဘယ်ဝါ ဝန်ကြီးချုပ်ဆိုတာထက် အသွင်သဏ္ဍာန် ပြောင်းလဲပစ်နိုင်မယ့်၊ လူတွေနဲ့နီးစပ်မယ့်၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ဝန်ကြီးချုပ်ကို မြင်လိုပါတယ်" ဟု မန္တလေးမြို့မှ နိုင်ငံရေးစိတ်ဝင်စားသူ ပြည်သူတစ်ဦးကလည်း ဆိုသည်။

ဒေါက်တာဇော်မြင့်မောင်သည် ၁၉၉၀ ခုနှစ်တွင် အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် NLD မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ အနိုင်ရရှိခဲ့ပြီး အဆိုပါနှစ်မှာပင် ပုဒ်မ ၁၂၂ (၁) အရ ထောင်ဒဏ် ၂၅ နှစ် ချမှတ်ခံခဲ့ရကာ ၂၀၀၉ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့် ပြန်လည်ရရှိခဲ့သူ ဖြစ်သည်။

*(The Myanmar Times မှ ခင်ဆုဝေ ရေးသားသည့်သတင်းကို ကောက်နုတ်ဖော်ပြသည်။)*

## သတင်းတိုများ

➤ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရှမ်းပြည်နယ် ဝန်ကြီးချုပ်တာဝန်ယူပြီး ပြည်နယ်အစိုးရအဖွဲ့ကို ဦးဆောင်မယ်ဆိုရင်လည်း သူရဲ့လုပ်ဆောင်ချက်တွေကို ကြည့်ပြီး ကောင်းမွန်တယ်ဆိုရင် လက်ခံနိုင်တယ်လို့ SNLD မှ ဦးစိုင်းညွန့်လွင်က ပြောပါတယ်။ (RFA Burmese)

➤ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးထင်ကျော် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံရသည့်အတွက် လိုက်လှဲစွာချီးကျူးဂုဏ်ပြုကြောင်း ရခိုင်အမျိုးသား ပါတီက ဂုဏ်ပြုသဝဏ်လွှာ ပေးပို့လိုက်သည်။ ရခိုင်အမျိုးသားပါတီသည် ရခိုင်ပြည်နယ်လွှတ်တော်တွင် နေရာအများစု အနိုင်ရပါတီဖြစ်ပြီး ပြည်နယ်အစိုးရကို ဦးဆောင်ဖွဲ့စည်းခွင့် မရပါက အတိုက်အခံအဖြစ် ရပ်တည်သွားမည်ဟု ကြေညာထားသည်။ (DVB Burmese)


➤ ယခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ရေကစားမဏ္ဍပ်များ တည်ဆောက်ရေးကို နောက်တက်လာမည့် ပြည်နယ်အစိုးရသစ်က လုပ်ဆောင်ရမည်ဖြစ်ကြောင်း မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်က ပြောကြားသည်။ (ဟသ်ာမီဒီယာ)

➤ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာသည် ဌာနဆိုင်ရာပေါင်း ၃၆ ခုနှင့် ပထမဆုံး တွေ့ဆုံပွဲကို မင်းဘူးခရိုင်၊ စလင်းမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ပြုလုပ်ခဲ့ရာတွင် အခြေခံအုပ်ချုပ်ရေးစနစ်၌ အရေးကြီးသော ရပ်ကျေး/ ထွေအုပ်စာရေးများ ဝန်ထမ်းစည်းကမ်းများကို အဓိကချိုးဖောက်နေမှုကို လုံးဝ လက်ခံနိုင်စရာ မရှိကြောင်း ပြောကြားလိုက်သည်။ (News Watch)

## ဒုတိယအကြိမ်ပြည်နယ်လွှတ်တော်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ (ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်)

### ကချင်ပြည်နယ်လွှတ်တော်


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၅၃ ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၄၀ ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၁၃ ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၆) ဦး<br>တပ်မတော် (၁၃) ဦး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၇) ဦး<br>ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၃) ဦး<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (၂) ဦး<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (၁) ဦး<br>ကချင်ပြည်နယ်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (၁) ဦး |
| လွှတ်တော်တည်နေရာ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

### ကယားပြည်နယ်လွှတ်တော်


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၂၀ ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၁၅ ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၅ ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၁) ဦး<br>တပ်မတော် (၅) ဦး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၄) ဦး |
| မှတ်ချက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (၁) ဦး |
| လွှတ်တော်တည်နေရာ | ကယားပြည်နယ်၊ လွိုင်ကော်မြို့ |

### ကရင်ပြည်နယ်လွှတ်တော်


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၂၃ ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၁၇ ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၆ ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၃) ဦး<br>တပ်မတော် (၆) ဦး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၃) ဦး<br>ကရင်ပြည်သူ့ပါတီ (၁) ဦး |
| မှတ်ချက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗမာ၊ မွန်၊ ပအိုဝ့် တိုင်းရင်းသားရေးရာဝန်ကြီး (၃) ဦး |
| လွှတ်တော်တည်နေရာ | ကရင်ပြည်နယ်၊ ဘားအံမြို့ |

### ချင်းပြည်နယ်လွှတ်တော်

| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၂၄ ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၁၈ ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၆ ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၂) ဦး<br>တပ်မတော် (၆) ဦး<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၄) ဦး<br>ဇိုမီးဒီမိုကရေစီကွန်ဂရက်ပါတီ (၂) ဦး |
| လွှတ်တော်တည်နေရာ | ချင်းပြည်နယ်၊ ဟားခါးမြို့ |

EMReF Enlightened Myanmar Research Foundation

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။